# စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် တည်ရှိသော အကျဉ်းထောင်၊ ရဲအချုပ်ခန်းနှင့် ခရိုင်ဆေးရုံ အချုပ်တို့အား ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်(၂ /၂၀၁၆)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင်တည်ရှိသောအကျဉ်းထောင်၊ ရဲအချုပ်ခန်းနှင့် ခရိုင်ဆေးရုံအချုပ်တို့ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့သည် ကော်မရှင်ရုံးဝန်ထမ်း ၂ ဦး လိုက်ပါလျက် ၁၈–၂–၂၀၁၆ နေ့နှင့် ၁၉–၂–၂၀၁၆ နေ့တို့တွင် သွားရောက်ကြည့်ရှုစစ်ဆေး၍ နိုင်ငံခြားသား ၁ ဦး အပါအဝင် အကျဉ်းသား၊ အကျဉ်းသူ ၂၀ ဦးနှင့် အချုပ်သား၊ အချုပ်သူ ၁၃ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

## ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ

၂။ အောက်ပါအတိုင်းစစ်ဆေးတွေ့ရှိရပါသည်–

(က) **ခန္တီးအကျဉ်းထောင်**

(၁) “ဂ”အဆင့်အကျဉ်းထောင်ဖြစ်၍ အကျဉ်းသားဝင်ဆံ့မှုမှာ ၃၀၀ဦး သတ်မှတ်ထားသော်လည်းလက်ရှိအကျဉ်းသား/အကျဉ်းသူ၆၈၈ဦးဖြစ်နေကြောင်း၊ အမျိုးသားအကျဆောင်၌ လူထားနိုင်သည့်ဧရိယာ ၃၈၂၈ စတုရန်းပေ ဖြစ်ပြီး အနိမ်ဆုံးစံချိန် (၆'×၃' = ၁၈ စတုန်းပေ) ဖြင့် အကျဉ်းသား ၄၂၄ဦးသာ ထားရှိသင့်သော်လည်း လက်ရှိ ၄၄၉ ဦး ထားရှိကြောင်း၊ အမျိုးသားအချုပ်ဆောင်၌ လူထားနိုင်သည့်ဧရိယာ ၁၈၄၈ စတုရန်းပေဖြစ်ပြီး အနိမ့်ဆုံးစံချိန် (၆'×၃'=၁၈စတုန်းပေ) ဖြင့် အကျဉ်းသား ၂၀၄ ဦး ထားရှိနိုင်သော်လည်း အပေါ်ထပ်၌သာ အကျဉ်းသား ၁၂၂ ဦး ထားရှိပြီး၊ အောက်ထပ်၌ မီးစက်နှင့် အကျဉ်းသားရိက္ခာများ ထားရှိကြောင်းတွေ့ရှိရပါသည်။

(၂) အကျဉ်းထောင်၌ ၂၀၁၅ခုနှစ်အတွင်း ရောဂါအမျိုးမျိုးကြောင့် အကျဉ်းသား ၁၀ ဦး သေဆုံးခဲ့ပြီး၊ ၂၀၁၆ ခုနှစ်၌ အကျဉ်းသား ၁ ဦး သေဆုံးခဲ့ပါသည်။

(၃) ၂၀၁၅ ခုနှစ် စတုတ္ထ (၃) လပတ် အထူးလျှော့ရက်ခံစားခွင့်ရှိသူနှင့် မရှိသူများ ဦးရေစာရင်း၌ ကျား ၅၅၇ ဦး၊ မ ၅၅ ဦး ၊ စုစုပေါင်း၆၁၂ဦး ဖြစ်နေ၍ ကျန်အကျဉ်းသား ၇၆ ဦးကို စိစစ်၍ စာရင်းဖြည့်သွင်းရန် လိုအပ်နေပါသည်။

(၄) အမျိုးသားအကျဆောင်တွင် ကဲလားများ မရှိသည့်အတွက် မိုးရာသီ၌ မိုးပက်နိုင်ကြောင်းနှင့် စွတ်စိုထိုင်းမှိုင်း၍ ဖျားနာနိုင်ပါသည်။

(၅) အကျဉ်းထောင်မှထွက်ပြေးရန်ကြံစည်သောအကျဉ်းသား (၁၅) ဦးအား တိုက်ခန်း တိုက်ခန်းတွင်ထားရှိပြီး ခြေကျင်းခတ်ထားကြောင်း၊ လမ်းမ

လျှောက်ရသဖြင့် အကျဉ်းသားအချို့မှာ ခြေလက်များ ထုံကျင်ကိုက်ခဲနေကြောင်း တွေ့ရှိရပါသည်။

(၆) ပလတ်စတစ်ပုံးများ၌ ထမင်းဟင်းများထည့်၍ အကျဉ်းသားများသို့ ပေးအပ်မှုသည် ရေရှည်၌ ကျန်းမာရေး ထိခိုက်စေနိုင်ပါသည်။

(၇) မီးဖိုကြီးတွင် သမရိုးကျသံတိုင်ကီများဖြင့် ထမင်းဟင်းချက်ပြုတ် နေကြောင်းနှင့် အောက်ခြေကြမ်းပြင်များ၊ မီးဖိုအုတ်ခုံများမှာဆွေးမြေ့ပေါက်ပြဲနေကြောင်း တွေ့ရှိရပါသည်။

(၈) လက်ထောက်ဆရာဝန်တစ်ဦးအပါအဝင် အကျဉ်းထောင်ဝန်ထမ်း (၉) ဦး လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

(၉) ခန္တီးခရိုင်ဆေးရုံ၌ အကျဉ်းသားလူနာအား Guard Ward တွင် ထားရှိသော်လည်း အကျဉ်းသူလူနာအား အခြားအမျိုးသမီး လူနာများနှင့်အတူ ရောနှောထားရှိကြောင်း တွေ့ရှိရပါသည်။

(ခ) **ခန္တီးမြို့မ ရဲအချုပ်ခန်း**

(၁) အချုပ်ခန်း ဝင်ပေါက်သည် အမြင့် ၄ပေခန့်သာ ရှိပြီး ခါးကုန်း၍ ဝင်ရောက်ရကြောင်း၊ဖိနပ်များစုပုံထားရှိခြင်းကြောင့်အနံ့အသက်မကောင်းကြောင်း တွေ့ရှိရပါသည်။

(၂) အမျိုးသားအချုပ်ခန်း အိမ်သာအတွင်း၌ မလိုအပ်သော ပစ္စည်းများ စုပုံရောက်ရှိနေပါသည်။

(၃) မူးယစ်ဆေးဝါးရောင်းဝယ်မှု ကျူးလွန်သည်ဟုဆိုသော အချုပ်သူ ဒေါ်အေးရာအား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ကာကွယ်ရေးအဖွဲ့က ဖမ်းဆီးခဲ့ရာတွင် မျက်နှာနှင့် ဦးခေါင်း၌ ဒဏ်ရာများ ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

(၄) အချုပ်သားတစ်ဦးမှာအသက်မပြည့်သေးကြောင်း၊ပြစ်မှုမကျူးလွန်ကြောင်း၊ သတ္တမတန်းအထိ ကျောင်းနေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

**အကြံပြုတိုက်တွန်းချက်များ**

၃။ အကြံပြုတိုက်တွန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ခန္တီးအကျဉ်းထောင်**

(၁) အကျဉ်းသားအင်အားများပြားကြပ်တည်းသဖြင့် အကျဉ်းသား အိပ်ဆောင်များ၊ မီးစက်နှင့် ရိက္ခာထားရန်အဆောက်အဦတိုးချဲ့ဆောက်လုပ်သင့်ပါသည်။

(၂) အကျဉ်းထောင်အတွင်း အကျဉ်းသား သေဆုံးမှုမရှိစေရေး စီမံဆောင်ရွက်သင့်ပါသည်။

(၃) အထူးလျှော့ရက်ခံစားခွင့်ရှိသူနှင့် မရှိသူများစာရင်း၌ကျန်ရှိနေသော အကျဉ်းသား (၇၆) ဦး အား စိစစ်၍ ဖြည့်စွက်ဖော်ပြသင့်ပါသည်။

(၄) အမျိုးသားအကျဆောင်၌ ကဲလားများ တပ်ဆင်သင့်ပါသည်။

(၅) အကျဉ်းထောင်အတွင်း၌ အကျဉ်းသားများအား သံခြေခြင်း ခတ်ခြင်းကို အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ခြင်း၊ အချိန်သတ်မှတ်၍ လမ်းလျှောက်စေခြင်းများ ပြုလုပ်သင့်ပါသည်။

(၆) ၅ ခန်းတွဲ တိုက်ခန်းများတွင် အပြင်သစ်သားတံခါးများ ၊ ရေချိုးကန်များ၊ အောက်ခြေသံမံတလင်းများနှင့် အုတ်နံရံများကို ပြုပြင်သင့်ပါသည်။

(၇) ထမင်း၊ ဟင်းများကို ဒန်အိုး သို့မဟုတ် စတီးအိုးများ၌ ထည့်သွင်းအသုံးပြုခြင်း၊ မီးဖိုကြီးကို ပြင်ဆင်မွမ်းမံခြင်းများ ပြုလုပ်သင့်ပါသည်။

(၈) အကျဉ်းထောင်ဆရာဝန်တစ်ဦး ခန့်အပ်နိုင်ရေးဆောင်ရွက်သင့်ပါသည်။

(၉) ခန္တီးခရိုင်ဆေးရုံ၌ အကျဉ်းသူ လူနာအတွက်လည်း Guard Ward ထားရှိသင့်ပါသည်။

(ခ) **ခန္တီးမြို့မ ရဲအချုပ်ခန်း**

(၁) အချုပ်ခန်းဝင်ပေါက် တံခါးများကို လူတစ်ရပ်အမြင့် ၆ ' ခန့် အထိ တိုးချဲ့ပြုပြင်သင့်ပါသည်။

(၂) အမျိုးသားအချုပ်ခန်းအတွင်း သန့်ရှင်းရေးနှင့် အနံ့အသက်များ ကောင်းမွန်အောင် ဆောင်ရွက်သင့်ပါသည်။

(၃) အချုပ်သူတစ်ဦးအား ဖမ်းဆီးစဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအား စိစစ်၍ နောင်ဖြစ်ပွားမှု မရှိအောင် သတိပြုသင့်ပါသည်။

(၄) အသက်မပြည့်သေးဟုဆိုသော အချုပ်သားတစ်ဦး၏ အသက်နှင့် အကျင့်စာရိတ္တထောက်ခံချက်များရယူ၍ ကလေးသူငယ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်